မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 885
info@mcb.com.mm
www.mcb.com.mm

## မြန်မာနိုင်ငံသားများဘဏ် JICA SME နှစ်ဆင့်ချေးငွေ စီမံကိန်းအတွက် ဒုတိယအကြိမ် ထပ်မံရွေးချယ်ခံရခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ထို့ကြောင့် SME လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် SME လုပ်ငန်းများအတွက် အဆောက်အဦးဆောက်လုပ်ရန်၊ စက်ပစ္စည်းများ ဝယ်ယူရန်လိုအပ်သည့် Capital Investment ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ နှင့် JICA (Japan International Cooperation Agency) တို့သည် ချေးငွေဆိုင်ရာ သဘောတူညီချက်အား ချုပ်ဆိုခဲ့ပြီး ပထမအဆင့် TSL အတွက် မြန်မာနိုင်ငံသားများဘဏ်အပါအဝင် မြန်မာနိုင်ငံရှိဘဏ် (၆) ဘဏ် ရွေးချယ်ခံခဲ့ရပါသည်။

မြန်မာနိုင်ငံသားများဘဏ်မှ ပထမအဆင့် JICA - SME နှစ်ဆင့် ချေးငွေစီမံကိန်း (Two-Step-Loan/TSL) များအား ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့ မှ စတင်ပြီး ပထမအကြိမ် SME လုပ်ငန်းရှင်များအတွက် သက်သာကောင်းမွန်သည့် ချေးငွေ ဝန်ဆောင်မှုများအား ပေးအပ်နိုင်ခဲ့ပါသည်။ ယခုအခါ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ် ဒုတိယအဆင့်အတွက် JICA SME Two-Step-Loan ချေးငွေ ပံ့ပိုးမှုပေးရန် မြန်မာနိုင်ငံရှိ ဘဏ်များအား ထပ်မံ ရွေးချယ်ရာတွင် ဘဏ် (၇) ခု ရွေးချယ်ခံ ခဲ့ရပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လ (၂) ရက်နေ့တွင် ကျင်းပသည့် ဘဏ်ချေးငွေရရှိရေးလုပ်ငန်းအဖွဲ့ (Working Committee) ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအရ မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် JICA SME Two-Step-Loan အတွက် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း (Participation Financial Institution-PFIs) အဖြစ် ဒုတိယအကြိမ်မြောက် ရွေးချယ်ခြင်းခံရကြောင်း ဂုဏ်ယူစွာ အသိပေးအပ်ပါသည်။

JICA SME Two-Step-Loan ရရှိနိုင်သည့် လုပ်ငန်းအမျိုးအစားများမှာ စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာနမှ ထုတ်ပေးထားသော SME လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ရရှိသည့်လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ၊ ပြည်ပပို့ ကုန်အထောက်အကူပြု လုပ်ငန်းများ၊ သွင်းကုန်အစားထိုး ထုတ်လုပ်မှု လုပ်ငန်းများ၊ နည်းပညာအခြေပြု ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး နှင့် ရောင်းဝယ်ရေးလုပ်ငန်းများ ပါဝင်ပါသည်။ ထို့အပြင် ယခုထပ်မံရရှိသော JICA SME Two-Step-Loan ကို ဖွံ့ဖြိုးတိုးတက်မှု နေးကွေးသောဒေသများ အပါအဝင် ကျေးလက်ဒေသရှိ SME လုပ်ငန်းရှင်များအား ပိုမိုကျယ်ပြန့်စွာ ထုတ်ချေးပေးရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်မှ SME လုပ်ငန်းများ ပိုမိုတွင်ကျယ် အောင်မြင်လာစေရန် ယခုလိုအကျိုးရှိစွာ ချေးငွေများ ကူညီပံ့ပိုးပေးခြင်းဖြင့် မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာနိုင်ငံသားများ ဆင်းရဲနွမ်းပါးမှု လျော့ကျရေးတို့တွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်မည်ဟု ယုံကြည်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှု နေးကွေးသော ဒေသများအပါအဝင် ကျေးလက်ဒေသရှိ SME လုပ်ငန်းရှင်များအနေဖြင့် MCB ဖြင့် လာရောက်ဆက်သွယ် ချေးငွေရယူကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**